EAST ALLEN COUNTY SCHOOLS
DREAM IT. DO IT.

Technology Department
800 Homestead Drive
New Haven, IN 46774

# ကျောင်းသား/မိဘတို့မေးလေ့မေးထရှိသည့် အီးအေစီအက်စ်အွန်လိုင်းအီးလန်းနင်း (EACS eLearning) မေးခွန်းနှင့်အဖြေများ

**eLearning ဆိုသည်မှာ အဘယ်နည်း?** eLearning ဆိုသည်မှာ အီလက်ထရောနစ်မီဒီယာမှတဆင့်၊ အဓိကအင်တာနက်ပေါ်တွင် ပြုလုပ်ဆောင်ရွက်ရသော (မရှိမဖြစ်လိုအပ်ချက်မဟုတ်သော်လည်း) သင်ယူခြင်းနည်းလမ်းတခုဖြစ်သည်

**eLearning ကိုမည်သည့်အချိန်တွင် အစပြုသနည်း?** အကယ်၍ ရာသီဥတုကြောင့် ကျောင်းပိတ်ရသည့်အခါ ထိုနေ့တွင် အွန်လိုင်းမှ သင်ယူခြင်း(eLearning)ဖြင့်အစားထိုးဆောင်ရွက်မည်ဖြစ်ပြီး၊ ဆရာများက (eLearning) နှင့်ပတ်သက်သောအချက်အလက်များကို မနက်(၉) နာရီတွင်ကျောင်းအင်တာနက်ဂက်ဘ်ဆိုက်များပေါ်သို့တင်ပေးထားမည်၊ မြို့နယ်တခုလုံးမှဆရာများပူးပေါင်းဆောင်ရွက်ပြီး မွန်းမံသင်တန်းရှိသည့်နေ့များတွင် ကျောင်းတိုင်းအတွက်အီးလန်းနင်းနေ့ပြုလုပ်မည်

**ဤနှစ်တွင်သမ္မတနေ့ကို မည်သို့ ပြုလုပ်သတ်မှတ်နည်း?** သမ္မတနေ့ သည် ကျောင်းသားများနှင့်ဝန်ထမ်း များအတွက်ကျောင်းပိတ်သော အားလပ်ရက်နေ့ဖြစ်သည်

**စာရွက်၊ ခဲတံ သုံးရမည့်လေ့ကျင့်ခန်း/သင်ခန်းစာများကို ကျွန်ုပ်တို့လုပ်ရမည်လား?** မဟုတ်ပါ၊ သင်ခန်းစာများလုပ်ရန် အင်တာနက်နည်းပညာကိုအသုံးပြုရန် (သို့) အနည်းဆုံးအင်တာနက်မှတဆင့်ပေးပို့ရန်ဖြစ်သည်၊ ဆရာများအတွက်အကြံပြုလိုသည့်အချက်များမှာ- အွန်လိုင်းအီးလန်းနင်း(elearning) ရက်မတိုင်မီ ကင်းဘတ်စ်(Canvas)၊ စီစော(Seesaw)၊ ပီရာဆင်(Pearson) (သို့) မက်ဂရော ဟီးလ်(McGraw Hill)၊ အီးဖတ်စာအုပ်များ (eTextbooks) နှင့် ရှိုဘီ (Showbie) စသည့် (apps) များ ကိုကျောင်းသားများ ကျောင်းစာသင်ခန်းထဲတွင်ရှိစဉ်ဂက်ဆိုက်ပေါ်မှကျောင်းသားများ၏ (ipad) ပေါ်သို့တိုက်ရိုက်(download)လုပ်ပေးထားပါ၊ **ခြွင်းချက်-** အကယ်၍ သင့်ကလေးသည် IEP, ILP(သို့) EL ကျောင်းသားတစ်ဦးဖြစ်ပါက ထိုကျောင်းသားကို ခဲတံ၊ စာရွက်တို့ဖြင့်သင်ခန်းစာများ လုပ်ခွင့်ပေးနိုင်သည်

**eLearning ဖြင့်သင်ခန်းများကို မည်သည့်အချိန်၌ နောက်ဆုံးတင်ရမည်နည်း?** အမှတ်ပေးမည့် (eLearning) သင်ခန်းစာများကို ကျောင်းပြန်တက်ပြီးနောက်တရက်မှစ၍ (၅) ရက်အတွင်း တင်ရန်သတ်မှတ်ထားသည်။ **ဥပမာ-** အင်္ဂါနေ့တွင်၊ ကျောင်းပိတ်ရပါက၊ ဗုဒ္ဓဟူးနေ့၌ ကျောင်းပြန်တက်ရလျှင်၊ eLearning သင်ခန်းစာများကို နောက်အပတ် အင်္ဂါနေ့တွင် နောက်ဆုံးတင်ရမည်

**eLearning ဖြင့်သင်ခန်းများမှာ အချိန်မည်မျှ ကြာမည်နည်း?** သင်ခန်းစာများမှာ အတန်း၊ ဆရာနှင့်ဘာသာရပ်များပေါ်တွင်မူတည်သည်၊ မိနစ် (၅၀) နှင့်ညီမျှသော eLearning သင်ခန်းစာများကို ဆရာများကတင်ထားမည်။ ထို့ကြောင့် ကျောင်းသားများရရှိသည့် စုစုပေါင်း သင်ခန်းစာသည် သင်ယူမှုအချိန်(၄-၅)နာရီမျှလောက်ဖြစ်မည်။ eLearning သင်ခန်းစာများပြီးအောင်လုပ်ရန်ကျောင်းသားများသည် (စနေ-တနင်္ဂနွေနှင့် ပိတ်ရက်မပါပဲ) (၅) ရက်အချိန်ရရှိကြမည်

**ကျောင်းသားတို့၏ eLearning သင်ခန်းစာများကို မည်သို့တင်ရမည်နည်း?** ဆရာတင်လိုက်သည့် စာများ၏ ပုံစံပေါ်မူ တည်ပြီး၊ ကျောင်းသားများလုပ်၍ပြီးသောသင်ခန်းစာများကိုအင်တာနက်မှ ဒစ်ဂျစ်တာယကိရိယာများဖြစ်သော(Canvas, MobyMax, SeeSaw, Quizizz, Edulastic, Google Classroom (သို့) Showbie)တို့ကိုသုံးပြီးတင်နိုင်သည်၊ အထူးသီးသန့်မေးခွန်းများကိုသင့်ကလေး၏ အတန်းဆရာကိုဆက်သွယ်မေးမြန်းပါ

EAST ALLEN COUNTY SCHOOLS
DREAM IT. DO IT.

Technology Department
800 Homestead Drive
New Haven, IN 46774

**ကျွန်ုပ်တို့ကျောင်းမှ ဖွင့်ပေးထားသောကွန်ပျူတာအခန်း ရှိပါသလား**? ရှိပါသည်၊ EACS ကျောင်းတိုင်းတွင် ကျောင်းပြန်တက်ပြီး (၅) ရက်အတွင်းကွန်ပျူတာခန်းကိုမနက် ကျောင်းမတက်မှီ(သို့) ကျောင်းဆင်းပြီးနောက် သုံးရန်ဖွင့်ပေးမည်၊ သို့သော် ကွန်ပျူတာခန်း အသုံးပြုခွင့်ပေးခြင်း၊ မပေးခြင်းကို သင့်ကလေး၏ကျောင်းများက ဆုံးဖြတ်ပေးမည်ဖြစ်၍ကျောင်းသို့ စုံစမ်းမေးမြန်းပါ

**ကျောင်းသားများသည်သင်ခန်းစာများကိုပြုလုပ်ရမည့်အင်တာနက်ဂက်ဆိုက်များကိုကျောင်းတွင်ကြိုတင်ဒေါင်းလုပ်လုပ်နိုင်ပါသလား**? လုပ်နိုင်သည်၊သို့သော် ဆရာတစ်ဦးချင်းစီ၏သင်ခန်းစာများမတူညီသည့်အတွက်မည်သည့်နေရာနှင့်မည်သို့သောအချက်များကိုရယူရမည်ကို အတိအကျမပြောနိုင်ပါ၊ ဆရာများကိုအကြံပြုလိုသည်မှာ- နှင့် Canvas, Pearson (သို့) McGraw Hill eTextbooks သင်ခန်းစာများ ကိုအွန်လိုင်းမှပြုလုပ်နိုင်သော (apps) များဖြစ်သည့် Showbie ကို (eLearning)နေ့ မတိုင်မှီကျောင်းသားများစာသင်ခန်းအတွင်း ကျောင်း၌ ရှိစဉ်မှာပင် ၄င်းတို့ ၏ (iPad) ပေါ်တွင်ကူးယူ (download)လုပ်ပေးထားပါ

**iPads မရှိသည့် ကျောင်းသားအတွက်၊ မည်သို့ပြုလုပ်မည်နည်း**? အွန်လိုင်း(eLearning)နေ့ပြီးသည့်နောက် (၅) ရက်အတွင်း EACS ကျောင်း များမှ၊ ကွန်ပျူတာအခန်းကို ကျောင်းမတက်မှီ (သို့) ကျောင်းဆင်းပြီး (၁) နာရီ ဖွင့်ထားပေးမည်၊ ပြည်သူ့စာကြည့်တိုက်ခွဲ (၈) ခုတို့လည်းဖွင့်မည်၊ ထိုစာကြည့်တိုက်များတွင် အခမဲ့ (Wi-Fi) ကိုရနိုင်သည်၊ ပြည်သူစာကြည့်တိုက်များ၏လိပ်စာများကို EACS ဂက်ဘ်ဆိုက် http://www.eacs.k12.in.us/students/e_learning_day ပေါ်တွင် ဖော်ပြထားသည်

**အွန်လိုင်း(eLearning)နေ့တွင် ဆရာများနှင့်ကျောင်းသားများအပြန်အလှန် ဆက်သွယ်နိုင်မည်လား?** ဆက်သွယ်နိုင်မည်၊ ဆရာများသည် ဆွေးနွေးချက်များ (သို့) မက်ဆေ့ချ်များကို Canvas ပေါ်မှတဆင့် ဆက်သွယ်ရန်အဆင်သင့်ရှိနေမည်၊ ထို့အပြင် eLearning ၏ နောက်ပိုင်း (၅)ရက်အတွင်း ကျောင်းတက်နေစဉ် ကျောင်းသားများက၄င်းတို့၏ ဆရာများကို မေးခွန်းများမေးမြန်းနိုင်သည်

**သင်ခန်းစာများမပြီးသောကျောင်းသားများအတွက်မည်သည့်နောက်ဆက်တွဲများဖြစ်မည်နည်း?** eLearning ရက်၌ ပေးလိုက်သော စာများကို ပြီးအောင်မဆောင်ရွက်သော ကျောင်းသားများအတွက် ပုံမှန်အတန်းထဲတွင်စာမပြီးခြင်း၏ နောက်ဆက်တွဲများ အတိုင်း ရင်ဆိုင်ရမည်၊  ထို့အပြင် အကယ်၍ အမှတ်ပေးရမည့် eLearning စာများမတင်သော ကျောင်းသားတစ်ဦးကို ခွင့်ပြုချက်မရှိပဲ ကျောင်းပျက်သည်ဟူ၍ (unexcused absence) သတ်မှတ်မည်။

**eLearningသင်ခန်းစာများကိုကျောင်းသားများဂင်ရောက်ရန်၊၄င်းတို့ကိုနားလည်ရန်မည်သို့ ကူညီထောက်ပံ့၊ လမ်းညွှန်မှုပေးနိုင်မည်နည်း?** ဆရာများသည် (eLearning) ဂက်ဆိုက်များနှင့် ၄င်းတို့ ဂင်ရောက်ရမည့်နေရာများ၊အကြောင်းအရာများကို ကြိမ်ဖန်များစွာပြသပေးထားမည်၊ ဆရာများသည် မနက်(၉)မှ(၃)အထိ eLearning နေ့၌ အွန်လိုင်းမှတဆင့် Canvas နှင့် email တို့မှတဆင့် မေးခွန်းများကို ဖြေရန် အသင့်ရှိမည်

*The **mission** of East Allen County Schools is to inspire in all students a passion for learning while developing knowledge, skills and character necessary to become responsible contributors to the local and global society.*